HITACHI
Inspire the Next

JP MEDIA DIRECT

၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၆ ခုနှစ်

ဆက်သွယ်ရန်
ဒေါ်ငြိမ်းငြိမ်းအေး
Information Matrix Co., Ltd.
+95 9 43039616
nyeinnyeinaye@informationmatrix.com

## Hitachi နှင့် JP Media Direct က မြန်မာ့စာတိုက်လုပ်ငန်း၏ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်း (Money Order Service) ကို အီလက်ထရောနစ်စနစ်အဖြစ်ပြောင်းလဲခြင်းအတွက် ပူးပေါင်းဆောင်ရွက်မှုစတင် စာတိုက်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ အကျိုးထိရောက်မှုနှင့် အရည်အသွေး ပိုမိုမြင့်မား

Hitachi, Ltd. (ဥက္ကဌ နှင့် CEO Mr.Toshiaki Higashihara / နောက်ပိုင်းတွင် Hitachi) နှင့် JP Media Direct Co., Ltd (CEO Mr. Hisaharu Nakajima / နောက်ပိုင်းတွင် JP Media Direct ဟု ခေါ်ဆိုမည်) တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (နောက်ပိုင်းတွင် မြန်မာနိုင်ငံ) ၏ နိုင်ငံပိုင်လုပ်ငန်းဖြစ်သည့် မြန်မာ့စာတိုက်လုပ်ငန်း (Myanmar Post) က ဆောင်ရွက်နေသော ငွေလွှဲဝန်ဆောင်မှုလုပ်ငန်း (money order service) ကို အီလက်ထရောနစ်စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် ဂျပန် စာတိုက်လုပ်ငန်း (Japan Post Co., Ltd.) မှ အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုကို အခြေခံကာ ပူးတွဲပြီး စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။ အသေးစိတ် ရှင်းပြရမည်ဆိုပါက မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ စာတိုက်များထဲမှ စာတိုက်ရုံး ၁၅၀ ခန့်တွင် ယခုအချိန်ထိ စာရွက်စာတမ်းဖြင့်သာရေးသားလုပ်ဆောင်လာခဲ့သည့် အလုပ်များကို အီလက်ထရောနစ်စနစ်အဖြစ် ပြောင်းလဲမည့် IT စနစ် ဖော်ဆောင်မှုကို ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံရှိ စာတိုက်ဝန်ထမ်းများ၏ လုပ်ငန်းအကျိုးထိရောက်မှုနှင့် အရည်အသွေးပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပါသည်။

ထို့ပြင် ယခုအကြိမ် ပူးပေါင်းဆောင်ရွက်မှုတွင် JP Media Direct သည် ဂျပန်နိုင်ငံ ပြည်ထဲရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာ့စာတိုက်လုပ်ငန်း၏ အဆင့်မြှင့်တင်မှု စီမံချက်၏ တစိတ်တပိုင်း လုပ်ငန်းအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘဏ်စာရင်းပိုင်ဆိုင်မှုမရှိသည့် နိုင်ငံသားက အများစုဖြစ်ပြီး လစာနှင့် အများပြည်သူ သုံး ငွေပေးချေမှုတွင်လည်း ပုံမှန်ငွေပေးချေမှုနည်းလမ်းတစ်ခုအနေဖြင့် စာတိုက်တွင် ငွေသားကို လက်ခံပြီး ငွေလွှဲပေးသည့် ဝန်ဆောင်မှုကို ကျယ်ပြန့်စွာအသုံးပြုလျက်ရှိပါသည်။ သို့သော် ငွေလွှဲ ပြောင်းပေးမှုတွင် လက်ခံဖြတ်ပိုင်း နှင့် ငွေပို့လွှာပုံစံ စသည့် စာရင်းစာရွက်များ ရေးသားမှု၊ ထုတ်ပေးမှုစသည့် လုပ်ငန်း ဆောင်ရွက်မှုများ စာရွက်စာတမ်းများဖြင့်သာ ရေးသားဆောင်ရွက်နေမှုများကို IT နည်းပညာ အသုံးချ ၍ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ငွေပို့လွှာလုပ်ငန်းအား နိုင်ငံတကာ အဆင့်မီဝန်ဆောင်မှုဖြစ်စေလိုပြီး သုံးစွဲသူပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး လိုလျက်ရှိပါသည်။

ဤကဲ့သို့ အခြေအနေမျိုးတွင် ၂၀၁၅ ခုနစ် မေလ၌ ဂျပန်နိုင်ငံ ပြည်ထဲရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန (လက်ရှိပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) တို့အကြား စာတိုက်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (MOC) ကို ချုပ်ဆိုခဲ့ပြီး ထိုသဘောတူညီမှု၏ တစိတ်တပိုင်းအဖြစ် မြန်မာနိုင်ငံအတွက် ထိရောက်ပြီး လုံခြုံသော ငွေပို့လွှာလုပ်ငန်းဆောင်ရွက်မည့် နည်းလမ်းကို စဉ်းစားသုံးသပ်ခဲ့ကြပါသည်။

ဤသို့ စဉ်းစားသုံးသပ်မှုများအရ Hitachi နှင့် JP Media Direct တို့သည် ၂၀၁၅ ခုနစ်က မြန်မာ့ စာတိုက်လုပ်ငန်းမှ စာတိုက်ပေါင်း ၁၈ ရုံး အတွက် ငွေလွှဲသည့် ဝန်ဆောင်မှု၏ အီလက်ထရောနစ်စနစ်အဖြစ် ပြောင်းလဲသည့်စနစ်ကို စမ်းသပ်လုပ်ဆောင်ပေးခဲ့ပါသည်။ ထိုအချိန်၌ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် အတွေ့အကြုံနှင့် စနစ်ကို စမ်းသပ်လည်ပတ်မှုရလဒ်အပေါ် အခြေခံ၍ ယခုအခါတွင် စနစ်ကိုပိုမို ကောင်းမွန် အောင် ပြင်ဆင်ခြင်းနှင့် အသုံးပြုမည့် စာတိုက်အရေအတွက် တိုးပွားများပြားလာစေရန် ပူးပေါင်းဆောင်ရွက် သွားမည် ဖြစ်သည်။

ဤစနစ်တွင် ငွေပို့လွှာစာရွက်စသည့် စာရင်းစာရွက်များကို IT စနစ်ဖြင့် ရေးသားပြီးရိုက်ထုတ်ပေး ပါမည်။ ထို့ပြင် အသုံးပြုသူက ရေးသားထားသော ငွေပို့လွှာ ပါ အကြောင်းအရာများကိုလည်း စနစ်တွင် ရေးသွင်းခြင်းဖြင့် လုပ်ခဲ့သည့် လုပ်ငန်းလုပ်ဆောင်ချက်များ အရေအတွက်စုစည်း မှတ်တမ်းတင်မှု ကိုလည်း အလိုအလျောက် ပြုလုပ်သွားနိုင်မည်ဖြစ်သည်။ ထပ်မံပြီး စာတိုက်အသီးသီး၏စနစ်ကို မြန်မာ့စာတိုက် လုပ်ငန်း၏ ကွန်ယက်ရှိ ကွန်ပျူတာများမှတဆင့် ချိတ်ဆက်ကာ ငွေပို့လွှာ စာရင်းများကို ပို့ပေးခြင်း၊ လက်ခံခြင်းများ ပြုလုပ်နိုင်သည်။

ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် စာတိုက်ဝန်ထမ်းများ၏ လက်ဖြင့် ရေးသွင်းနေရသော လုပ်ငန်းပမာဏ လျော့နည်းသွားပြီး လုပ်ဆောင်ချက်မှတ်တမ်းများ ပိုမိုတိကျလာခြင်းဖြင့် အကျိုးထိရောက်မှုရှိပြီး လုံခြုံသော ငွေပို့လွှာ ဝန်ဆောင်မှုကို အကောင်အထည်ပေါ်လာစေရန် ဦးတည်သည်။ ထို့ပြင် ဤစနစ် စတင်မည့်အချိန်ကို ၂၀၁၆ ခုနစ် နှစ်ကုန်ပိုင်းခန့်ဟု ခန့်မှန်းထားပြီး စနစ်ထည့်သွင်းပြီးနောက် လက်တွေ့အသုံးပြုမှုကို မြန်မာ့စာတိုက်လုပ်ငန်းမှ ဆောင်ရွက်သွားမည်ဖြစ်သည်။

နောက်နောင်တွင် Hitachi မှ စာတိုက်လုပ်ငန်းဆိုင်ရာ စနစ်ပိုင်းတွင် ကာလရှည်ကြာ စုဆောင်းပိုင်ဆိုင်လာခဲ့သော နည်းပညာများ၊ လုပ်ပုံလုပ်နည်းများ နှင့် JP Media Direct မှ မြန်မာ့စာတိုက်လုပ်ငန်းအတွက် စာတိုက်လုပ်ငန်း ပိုမို ကောင်းမွန်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများကို ကုမ္ပဏီနှစ်ခုမှ တွဲဖက်၍ မြန်မာ့စာတိုက်လုပ်ငန်းဆောင်တာများ အဆင့်မြှင့်တင်ခြင်းနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် အကျိုးပြု အထောက်အပံ့ပြုသွားမည်ဖြစ်ပါသည်။